သိုးဆောင်း

# အချစ်တောင်းခံလွှာ



# နိဒါန်း

တစ်ခါတုန်းက တက္ကသိုလ်တစ်ခုတွင် နာမည် ကြီးသရုပ်ဆောင်အဆိုတော်၊ စာရေး ဆရာ စသည့် အနုပညာရှင်များ ဖြင့် ထင်ရှားသော နှစ် တစ်နှစ် ရှိခဲ့ဖူးလေသည်။

ထိုအနုပညာရှင်များ သည် ထုံးစံအတိုင်း ကျောင်း၌ နာမည် ကြီး စာရင်းဝင်သူများ ဖြစ်ကြပါ၏ ။

တစ်ခါသော် ထိုနာမည် ကြီးအားလုံးတို့ကို ကျော်လွန်ကာ လွန်စွာ ထင်ရှားကျော်ကြားသွားသော ကျောင်းသား တစ်ယောက် ပေါ်လာလေသည်။